ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# "မြောက်ဦးလူသတ်ပွဲ" အစီရင်ခံစာ သတင်းထုတ်ပြန်ချက်

နေ့စွဲ - ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်။

ရခိုင်ပြည်၊ မြောက်ဦးမြို့၌ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် (၂၃၃) နှစ်မြောက် ရခိုင့်အချုပ်အခြာ အာဏာ ကျဆုံးသည့်နေ့ ဝမ်းနည်းအောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ ကျင်းပပြုလုပ်ခြင်းအား ဒေသအာဏာပိုင်များက ပိတ်ပင်တားမြစ်လိုက်သဖြင့် ဒေသခံပြည်သူများမှ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့ကြသည်။ ထိုသို့ တောင်းဆိုမှုကို ဒေသအာဏာပိုင်များမှ အကြမ်းဖက်နှိမ်နင်းခဲ့သည့်အတွက် ဆန္ဒပြပြည်သူ (၇) ဦးသေဆုံးကာ (၁၂) ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိခဲ့သူ (၁၂) ဦးထဲမှ (၄) ဦးမှာ ဆေးရုံမှ ထွက်ပြေးလွတ်မြောက်သွားပြီး (၈) ဦးမှာ ဖမ်းဆီးအကျဉ်းချခံခဲ့ရသည်။

ဤဖြစ်ရပ်၏ နောက်ဆက်တွဲအနေဖြင့် အမ်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့အား နိုင်ငံတော်ပုန်ကန်မှုပုဒ်မများဖြင့် စွပ်စွဲကာ ကြီးလေးသောပြစ်ဒဏ်များဖြင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်း၊ နိုင်ငံရေးအင်အားစုများ၏ လူထုတွေ့ဆုံပွဲနှင့် အခမ်းအနားများ ကျင်းပခြင်းကို အစိုးရအာဏာပိုင်များက ပိတ်ပင်တားမြစ် ကန့်သတ်မှုများ ပြုလုပ်လာခြင်းအထိ ဆိုးဝါးသောဖြစ်ရပ်များ ပေါ်ပေါက်စေခဲ့သည်။

"*မြောက်ဦးလူသတ်ပွဲဟာ လူသားဖြစ်တည်မှုကိုခြိမ်းခြောက်တဲ့ရာဇဝတ်မှု Crime Against Humanity ပါပဲ*" ဟု AASYC အထွေထွေအတွင်းရေးမှူး ကိုတိန်ဦးမှ ပြောသည်။

မြောက်ဦးလူသတ်ပွဲဖြစ်ရပ်သည် ပွင့်သစ်စ ဒီမိုကရေစီနယ်ပယ် (Democratic Space) ကို ဘောင်ကျဉ်းသွားစေခဲ့ကာ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသူ (Stakeholders) များအနေဖြင့် ဖြစ်စဉ်အပေါ်၌ ယုံကြည်မှုကိုပါ ယုတ်လျော့ ကျဆင်းလာစေခဲ့ပြီး ရခိုင်နိုင်ငံရေးအခင်းအကျင်း (Political Landscape) တွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များ နောက်ပြန်ဆုတ်သွားသည့် အခြေအနေသို့တိုင် ဆိုက်ရောက်သွားရန် တွန်းအားဖြစ်စေခဲ့သည်။

ယနေ့ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ကျရောက်သည့် မြောက်ဦးလူသတ်ပွဲ (၂) နှစ်ပြည့်ကာလတွင်မူ ရခိုင်ပြည်အနှံ့ တိုက်ပွဲများ ကျယ်ပြန့်လာခဲ့ပြီး၊ မြောက်ဦးလူသတ်ပွဲထက် ပိုမိုဆိုးဝါးလှသည့် အနိဋ္ဌာရုံများနှင့်လည်း ရင်ဆိုင်နေကြရပါသည်။ စစ်ရေးပဋိပက္ခ ကျယ်ပြန့်လာမှုမှတဆင့် လူမှုဘေးဒုက္ခအကျပ်အတည်း ဆိုးကျိုးများသို့တိုင် တွန်းအားဖြစ်စေခဲ့သော "မြောက်ဦးလူသတ်ပွဲ" ကို ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) မှ ကွင်းဆင်းလေ့လာ၍ တတ်စွမ်းသမျှ မှတ်တမ်းပြုစုကာ အစီရင်ခံစာတစ်စောင်အဖြစ် ထုတ်ဝေဖြန့်ချီလိုက်ပါသည်။

ဆက်သွယ်ရန်

*ကိုတိန်ဦး*
*အထွေထွေအတွင်းရေးမှူး၊*
*ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)*
*ဖုန်း - +66 (0) 815956138*

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့၊ ည (၁၀) နာရီခန့်၌ မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ရုံးရှေ့တွင် "စာပေဟောပြောပွဲကျင်းပခွင့်ရရှိရေး" အတွက် ပြည်သူများ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်သည်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်၍ အကြမ်းဖက် နှိမ်နင်းသည့် ဖြစ်ရပ်သည် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် စစ်အာဏာရှင်အစိုးရစနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော် ဆောင်နေသည့်ကာလာ၌ အဆိုးရွားဆုံး ဖြစ်ရပ်ပင် ဖြစ်ပေသည်။

ဒီမိုကရေစီစနစ်သို့ အသွင်းကူးပြောင်းနေသည့်အချိန်တွင် မြန်မာအစိုးရမှ ဒီမိုကရေစီကျင့်စဉ်များကို ချိုး ဖောက်ပြီး ရခိုင်လူမျိုးများအပေါ် အကြမ်းဖက်နှိမ်နင်းခြင်းသည် ပြည်ထောင်စုပိုင်ရှင် တိုင်းရင်းသားလူမျိုး၏ အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်အား ပိတ်ပင်ခြင်း၊ တားဆီးခြင်းပင်ဖြစ်သည်။

ပြည်သူ (၇) ဦးသေဆုံးကာ (၁၂) ဦး ဒဏ်ရာရရှိခဲ့သည့် မြောက်ဦးလူသတ်ပွဲဖြစ်စဉ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ကျူးလွန်ရာ၌ ပါဝင်ခဲ့ကြသော အစိုးရဌာနဆိုင်ရာနှင့် ရဲတပ်ဖွဲ့ဝင်များကို တရားဥပဒေအရ အရေးယူခြင်း တစုံတရာမရှိခဲ့သည့်အပြင် သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ဒဏ်ရာရရှိသူများ ကိုသာ တန်ပြန်အရေးယူ ထောင်ချခဲ့သည်။

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်နှင့်ပတ်သက်၍ အမှန်တရားနှင့် တရားမျှတမှု ပေါ်ပေါက်လာရေးကို မျှော်မှန်း၍ ဖြစ်စဉ်ကာလနှင့် ဖြစ်စဉ်ပြီးနောက် ဆုံးရှုံးနစ်နာခံခဲ့ရသော သေဆုံးသူများ၏ မိသားစုများနှင့် ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူများ၏ လူမှုစီးပွား ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အစရှိသည့်အခြေအနေများ မည်သို့ရှိနေသည်၊ မည်သို့ မျှော်လင့်တောင့်တနေကြသည်ကို AASYC အနေဖြင့် ကွင်းဆင်းလေ့လာ၍ ဤအစီရင်ခံစာကို ရေးသားခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့က မြောက်ဦးလူသတ်ပွဲ ဖြစ်စဉ်နှင့်ပတ်သက်၍ အခင်းဖြစ်စဉ်၊ ပွဲမတိုင်မီ အခမ်းအနားပြင်ဆင်ပုံ၊ ပွဲကျင်းပရေးကော်မတီများ၏ ကြိုတင်ပြင်ဆင်မှုများ၊ ပွဲကျင်းပခြင်းအား တားမြစ်ခံလိုက်ရခြင်းအပေါ် ပွဲတက်ရောက်လာသောလူထုများ၏ တုန့်ပြန်မှု အခြေအနေ၊ ဆန္ဒဖော်ထုတ်ရန်အတွက် လူစုလူဝေးများဖြစ်ပေါ်လာပုံနှင့် ဆန္ဒဖော်ထုတ်ပွဲအား ရဲတပ်ဖွဲ့မှ အကြမ်းဖက် နှိမ်နင်းမှုများကို ဆန္ဒဖော်ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြသော ပြည်သူများနှင့် ဒဏ်ရာရရှိပြီး ထောင်မှ လွတ်မြောက်လာသူများကို AASYC မှ ကွင်းဆင်းလေ့လာ၊ လူတွေ့မေးမြန်းချက်များအား ဖော်ပြထား ပါသည်။

၎င်းအပြင် အခင်းဖြစ်စဉ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအား လူအုပ်စု ခွဲရာတွင် နိုင်ငံတကာကျင့်ထုံးကျင့်နည်းနှင့် ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ခဲ့မှုရှိ၊ မရှိကို လေ့လာ သုံးသပ်ဖော်ပြထားပါသည်။

လူထုဆန္ဒဖော်ထုတ်ရာတွင် အာဏာပိုင်များမှ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော မိသားစုဝင်များနှင့် ဒဏ်ရာရရှိပြီး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူတို့အား ကွင်းဆင်းလေ့လာ မေးမြန်းရာတွင် ဖြစ်စဉ်၏ အမှန်တရားနှင့် တရားမျှတမှု ပေါ်ပေါက်လာရေးအတွက် အစိုးရထံမှ မျှော်လင့်တောင့်တနေကြသည်ကို ဖော်ပြထားပါသည်။